ရဲသျှမ်း

# အန်ချလိုက်တဲ့စာတွေ

နှင့်

ပညာ့ခေတ်ဆောင်းပါးများ



အန်ချလိုက်တဲ့စာတွေ နှင့် ပညာ့ခေတ် ဆောင်းပါးများ

# အမှာမဟုတ်သောအမှာ

## (၁)

အသက် ၂၃နှစ်ပြည့်လုပြည့်ခင်မှာ ကျွန်တော်စာသင်ကြားရေး တာဝန်ဖြင့် ဝန်ထမ်းဘဝကို စတင်သည်။ ထိုတစ်နေရာတည်းမှာပင် စွဲစွဲမြဲမြဲလုပ်ကိုင်ခဲ့ပြီး လုပ်သက် ၃၆နှစ်ပြည့်သောနေ့တွင် အငြိမ်းစားယူခဲ့ပါသည်။ ရိုးရိုးစင်းစင်းပြောလျှင်တော့ ပညာရေးဝန်ကြီးဌာနမှာ အလုပ်ဝင်ပြီး ထိုဌာနမှပင် အငြိမ်းစားယူခဲ့သည်ဟု ပြော၍ ရသင်သည်။ သို့သော် ဘဝလမ်းကြောင်းက ရိုးစင်းသည့်တိုင် တိုင်းပြည်၏ လမ်းကြောင်းက မရိုးစင်းခဲ့ပေ။ တက္ကသိုလ်ကျောင်းသားဘဝမှာပင် စနစ်သစ်ပညာရေးနှင့် စတင်တွေ့ထိရသည်။ ကျွန်တော်တို့တက္ကသိုလ်မှာ ထိုစနစ်သစ်ကြီးကို ခေါင်းမာမာနှင့် ၁၉၇၄လောက်အထိ ဆန့်ကျင်၍ ယခင်သင်ကြားပုံ အအောင်ပေးစနစ်ကိုပဲ ဆုပ်ကိုင်ထားခဲ့သည်။ ထို့ကြောင့်ပင် ကျွန်တော်တို့သည် ကိုယ့်ပညာကို ကိုယ်ကျေနပ်ခဲ့ပြီး ကိုယ့်ဘွဲ့ကိုကိုယ် ဂုဏ်ယူနိုင်ခဲ့သည်။

၁၉၆၄ စနစ်သစ်ပညာရေးသည် မြန်မာနိုင်ငံပညာရေးအတွက် အချိုးအကွေ့ကြီး (ဝါ) အဆင်းလမ်းကြီး ဖြစ်သည်ဟုဆိုလျှင် နောက်ထပ် နှစ်၂၀ကျော် အတွင်း ထပ်မံကြုံတွေ့ရသော များလှစွာသော အဆင်းလမ်းကလေးများအကြား အဆင်းလမ်းကြီးနောက်နှစ်ခု ထပ်ကြုံရပါသေးသည်ဟု ဆိုလိုက်ချင်ပါသည်။ ပြည်ထောင်စု ဆိုရှယ်လစ် မြန်မာနိုင်ငံသစ် (၁၉၇၄)နှင့် အတူ သန္ဓေတည်ပြီး (၁၉၇၈) တွင် စတင် အကောင်အထည်ဖော်သော ဒေသကောလိပ်ပညာရေးစနစ်က ပထမအဆင်းလမ်းဖြစ်ပြီး ဒုတိယကား (၁၉၉၆)ခန့်တွင် တက္ကသိုလ်များကို သက်ဆိုင်ရာ ဝန်ကြီးဌာနများအောက်သို့ သွက်သွင်းခြင်း ဖြစ်သည်။

ဒေသကောလိပ်ပညာရေးက သိပ်ဆိုးကျိုးမပေးလှပါ။ သက်မွေးဝမ်းကျောင်း တက္ကသိုလ်များကို ပညာရေးဝန်ကြီးဌာနအောက်မှ ခွာထုတ်ပြီး ပညာရေးအမြင်မှေးမှိန်လှသော ဝန်ကြီးများလက်အောက်သို့ ပို့ပစ်ခြင်းကတော့ မြန်မာနိုင်ငံ၏ အဆင့်မြင့် သက်မွေးဝမ်းကျောင်းပညာရေးကို ချွတ်ခြုံကျသွားစေပါတော့သည်။

ဤသို့ဆိုလျှင် ပညာရေးဝန်ကြီးဌာနလက်အောက်တွင် ကျန်နေခဲ့သော အခြေခံပညာနှင့် အဆင့်မြင့်ပညာ သင်ကြားလေ့ကျင့်ရေးများကကော ရှေးမူဖြင့် ဂုဏ်ယူစဖွယ် ကျန်ခဲ့ပါရဲ့လား။ အသိပညာထက် အလွတ်ကျက်ပညာကို အားပေးသည့် စာမေးပွဲစနစ်ကိုကြည့်ပါ။ ပိုက်ဆံရန့်လွှမ်းနေသည့် သင်ကြားရေးစနစ်ကို ကြည့်ပါ။ (၁၈)မှတ်အထိ မော်ဒရေးရှင်းဆင်းကာ ဆယ်တန်းအောင်ချက်ကောင်းအောင် လုပ်ရမည်ဆိုသော စေတနာမဲ့လှသည့် ညွှန်ကြားမှုမျိုးကို ကြည့်ပါ။ တက္ကသိုလ်စာသင်သားဘဝ သုံးနှစ်အတွက် တစ်နှစ်လျှင် အနီးကပ် (၁၀)ရက်၊ စုစုပေါင်းရက် (၃၀) သင်တန်းတက်ပြီး ဘွဲ့တွေရကုန်ကြသော အဝေးသင်ပညာရေးကိုကြည့်ပါ။ တက္ကသိုလ်တွေတောထဲပို့ပြီး လူငယ်အညွန့်အဖူးလေးတွေ ဖြစ်ချင်ရာဖြစ်ကြပစေ မဆုပ်ပူကြရင် ပြီးရော လုပ်ထားမှုကို ကြည့်ပါ။

ကျွမ်းကျင်မှုကိုလေ့ကျင့်ပေးရသည့် ကျောင်းတို့ ကောလိပ်တို့ကို သက်ဆိုင်ရာဝန်ကြီးဌာနများက ဖွင့်ကြရပါသည်။ ဝန်ထမ်းလေ့ကျင့်ရေးနှင့် ဌာနလုပ်ငန်းဖွံ့ဖြိုးရေးအတွက် နေရာတကာမှာ ဤသို့ပင်လုပ်ကြသည်။ သို့သော် တက္ကသိုလ်အဆင့်ကိုတော့ ပညာရေးဝန်ကြီးဌာနကပဲ တာဝန်ယူရပါသည်။ တက္ကသိုလ်ကို အုပ်ချုပ်ဖို့အတွက် ဦးစီးဌာနတစ်ခုက တာဝန်ယူရလေရာ အမြင့်ဆုံးလူမှအစ ညွှန်မှူးအဆင့်အထိမှာ တက္ကသိုလ်မရောက်ဖူးသူတွေ၊ စာခပ်ညံ့ညံ့မို့ ပညာတန်ဖိုးထက် အောက်ဖိအထက်ဖား ဂါရဝတရား၏ တန်ဖိုးကိုသာ ပိုသိကြသူတွေဖြစ်နေလျှင် ထိုတက္ကသိုလ်သည် ရေစုန်မျောပါပြီ။

ပညာ၏ တန်ဖိုးဆိုတာ ဦးထပ်ထားစရာများကို တစ်ခုမှ ဦးထိပ်မထားဘဲ အဘတွေကျေနပ်ရေးကိုသာ ဦးထိပ်ထားနေသော အညံ့စား အဖျင်းစားပညာရှင်မျိုးဖြစ်နေလျှင် ရေစုန်မျောပါပြီ။

♥♥♥

## (၂)

ကြံ့ရည်ကြိတ်စက် အသစ်ထွင်လိုက် စမ်းကြည့်လိုက်နှင့် အဆင်းလမ်းကြီးတစ်လျှောက် အလဲလဲအပြိုပြိုဖြစ်နေဆဲ ပညာရေးကို ခုအချိန်မှာ ငါတို့ပြန်အဖတ်ဆည်လို့ ရကောင်းပါရဲ့ဟူသော မျှော်လင့်ချက်ဖြင့် စုပေါင်းဆွေးနွေးကာ အကြံပြုစာတမ်းတွေ တင်ကြသည်။ ရေးသားဟောပြောကြသည်။ ခရီးသည်တွေက ဘယ်လောက်ဝိုင်းအော်နေနေ မောင်းချင်ရာစွတ်မောင်းနေသော ဒရိုင်ဘာတွေ၏ အကြောကိုသိနေ၍ ခရီးအစမှာပဲ ကျွန်တော်ခုန်ချ ကျန်ရစ်ခဲ့သည်။

ဆရာရဲသျှမ်းကတော့ ဆရာချစ်တိုးနွယ်နှင့် ပူးပေါင်းပြီး မမောတန်းမပန်းတန်း ရေးကျန်ခဲ့သည်။ အားသစ်ပြည့်ပြီး တက်ကြွနေသော အရွယ်မို့ သူ့မှာ အိမ်မက်ကောင်းတွေ ရှိသည်။ ပညာရှင်များ၏ အဆိုအမိန့်များ ကိုးကား၍ လည်းကောင်း၊ ကိုယ်ပိုင်အတွေ့အကြုံ အတွေးအမြင်များကို အခြေခံ၍ လည်းကောင်း မျှော်လင့်ချက်ကြီးကြီးဖြင့် ရေးနေခဲ့၏ ။ ဤလိုကွက်လပ်ဝင်ဖြည့်ပေးခြင်းအတွက် ကျွန်တော်ကျေးဇူးတင်သည်။

♥♥♥

## (၃)

ပညာရေး၏ ရည်ရွယ်ချက်က ဘာလဲမေးလျှင် စာတစ်စောင်မက ကျမ်းတစ်အုပ်ဖြင့်ပင် ဖြေကောင်းဖြေလိမ့်မည်။ တိုတို နှင့် လိုရင်းကို ပြောလျှင်တော့ ပညာပြည့်ဝ နှလုံးလှကြဖို့ပဲ ဖြစ်ပါ၏ ။ ဤနေရာတွင် ပညာဟူသော စကားလုံးနှင့် နှလုံးလှဆိုသော စကားလုံး၏ အဓိပ္ပါယ်ကို ဆင်ခြင်တတ်ဖို့သာ လိုရင်း ဖြစ်သည်။ ကျောင်းသားတွေက ဆင်ခြင်တတ်ဖို့ မဟုတ်ပါ။ ပလ္လင်ပေါ်ရှိ အဝေးကလူများနှင့် ကျောင်းသားများကို အနီးကပ်သွန်သင်ပေးနေရသော ဆရာများက သဘောပေါက်ရန် လိုခြင်း ဖြစ်သည်။ ဆရာရဲသွေ့မ်းက အထူးကုကို သူ့ရှု့ဒေါင့်မှ ဝေဖန်ပြထားတာ ဖတ်ရသည်။ အဓိကအကြောင်းအရင်းက စီးပွားရေးဖြစ်နေခြင်းနှင့် ကျူရှင်ဆရာတို့သိသော ပညာ/နှလုံးလှ အယူအဆကို နောင်တွင် ဆွေးနွေးပေးသင့်ပါသည်။ ဆေးရုံမှာ ဆေးဝါးနှင့် ကိရိယာပြည့်စုံပါလျက် ကိုယ့်ဆေးခန်းအတွက် လူနာဆွယ်ထုတ်သော ဆရာဝန်မျိုးကို လိုင်စင်သိမ်းပစ်ရုံ ရှိသည်။ သူသည် ပညာရှင်အလုပ်မလုပ်သူ ဆေးသမားနှလုံးသား မရှိသူသာ ဖြစ်၏ ။ ကျူရှင်ပြနေသော အတန်းပိုင်များအကြောင်းကိုတော့ ကျွန်တော် အကျယ်မပြောတော့ပါ။ စဉ်းစားကြည့်ကြဖို့ ချန်ခဲ့ပါမည်။

ပညာရေးတွင် Theory X, Theory Y နှင့် Theory Z ဆိုသော နာမည်ကျော် အယူအဆ သုံးခုရှိသည်။ ကလေးများက ကျောင်းသို့ တောင်းလွတ်များဖြင့် လာကြသည်။ ဆရာများက ထိုတောင်းများထဲသို့ ပညာတည်းဟူသော ပစ္စည်းလေးတွေ ထည့်ပေးသည်။ ဤကား Theory X ။ ကလေးများ၏ တောင်းများသည် ဗလာမဟုတ်၊ အလွတ်မဟုတ်။ စိတ်ကူးဉာဏ်ဆိုသော အံ့စာတုံးများ ဖရိုဖရဲပါလာကြသည်။ ဆရာများက ထိုအံ့စာတုံးများကို ကလေးများနေသားတကျ မှန်မှန်ကန်ကန်စီတတ်ရန် ကူညီပေးရသည်။ ဤကား Theory Y ။ သီအိုရီ Z ကတော့ ဂျပန်ပြည်ဘက်မှ ထွက်လာပါသည်။ Theory X နှင့် Theory Y တို့ကို အလျဉ်းသင့်သလို သုံးစွဲရင်း သင့်လျော်ကောင်းမြတ်သော ပညာရေးဝန်းကျင်၊ လူမှုရေးဝန်းကျင်နှင့် သဘာဝ ပတ်ဝန်းကျင်တို့ကို

ဖန်တီးပေးရမည်ဟု ဆိုသည်။

ကျွန်တော်တို့ဘယ်လိုသွားကြမည်လဲ။ ဘယ်လိုပဲသွားသွား ဆရာရဲ့သျှမ်း၏ ယခုစာအုပ်ကတော့ မေးနေ မှိန်းနေသူများ၏ မျက်စိကို ဖွင့်ပေးပါလိမ့်မည်။ ဤအမြင်များရသွားလျှင် ပညာရေးမူဝါဒအတွက် တာဝန်ရှိသူများကော သင်ကြားသူဆရာများပါ အကောင်းအမြင်များ ရရှိလာဖွယ်ရှိ၏ ။ သူတို့စာဖတ်ကြပါစေဟုပဲ ဆုတောင်းလျက် ကျွန်တော်၏ အမှာမဟုတ်သော အမှာစာကို အဆုံးသပ်လိုက်ပါသည်။

**ကြည်မင်း**

**စမ်းချောင်း**

**၂၀၁၄ စက်တင်ဘာ ၈**

♥♥♥

# စာရေးသူရဲ့ ကျေးဇူးစကား

ကျွန်တော်က ကျောင်းပြီးတော့ ကျူရှင်ဆရာ (၁၀)နှစ် လုပ်လိုက်သေးတယ်။ ရထားမှာ အလုပ်ဝင်ပြန်တော့ ရာထူးအဆင့်ဆင့်တိုးပြောင်းပြီး ရထားသင်တန်းကျောင်းမှာ နည်းပြ (၄)နှစ် လုပ်ရပြန်တယ်။ ပြောချင်တာက စာသင်အတွေ့အကြုံ အနည်းအကျဉ်း ရှိခဲ့တယ်ဆိုတာပါ။

နောက်တစ်ခုက တိုင်းပြည်တိုးတက်ဖို့ရာမှ ပညာရေးဟာ နံပါတ်(၁) ဖြစ်တယ်လို့ ခံယူတာဖြစ်တဲ့အတွက် ပညာရေးကို စိတ်ဝင်စားမှုက တခြားထက်ပိုနေပါတယ်။ ကိုယ့်မှာလည်း သား၊ တူ ကျောင်းသားရွယ်တွေရှိတော့ သူတို့ဖြတ်သန်းနေရတဲ့ ပညာရေးဇာတ်မျောကြီးကြည့်ပြီး ပညာရေးဆောင်းပါးလေးတွေ ရေးဖြစ်သွားပါတယ်။

မြင်ရ၊ တွေ့ရတာ နဲ့ အတွေ့အကြုံကိုပဲ ခံစားရေးတာပါ။ ပညာရှင်ဆန်တဲ့၊ သုတေသနဆန်တဲ့ အဆင့်မြင့်ဆောင်းပါး များမဟုတ်ဘူးလို့ သတ်မှတ်ရင်လည်း ခံယူရမှာပဲ။

ကျွန်တော့်ဆောင်းပါးတွေကို လစဉ်မပျက် ထည့်သွင်းပေးတဲ့ ပညာ့ခေတ်မဂ္ဂဇင်း တာဝန်ခံအယ်ဒီတာ ဆရာချစ်တိုးနွယ်နဲ့ ဆရာစေသောစ်တို့ကိုလည်း ကျေးဇူးတင်ပါတယ်။ စာအုပ်လေးဖြစ်မြောက်အောင် စိတ်စေတနာအပြည့်နဲ့ ထုတ်ဝေပေးတဲ့ စာနဒီစာပေတိုက် ကိုလင်းဝဏ္ဏနှင့် ဇနီးကိုလည်း ကျေးဇူးတင်ရပြန်ပါတယ်။

အမှာစာချီးမြှင့်ပေးတဲ့ လေးစားချစ်ခင်ရသော ဆရာကြည်မင်းကိုလည်း ကျေးဇူးမမေ့ပါ။

ကျေးဇူးတင်ထိုက်သူအားလုံးကို ကျေးဇူးများ ပုံအောပေးလိုက်ပါတယ်။ ရင်ထဲကပါ။

♥ ♥ ♥

ကျောင်းနှင့်ပညာရေး

သွားစေချင်တဲ့နေရာ၊ ရောက်စေချင်တဲ့နေရာကို ရောက်အောင်စနစ်တကျ ထိန်းကျောင်းပေးတဲ့ဒေသကို ကျောင်းလို့ခေါ်တယ်။ ဘဝမှာ အရေးကြီးတဲ့ အချက်တွေကို စုစည်းပြီးတော့ လိုအပ်တဲ့ ပန်းတိုင်ကို ရောက်အောင် ဦးတည်ပြီး လေ့ကျင့် ပျိုးထောင်ပေးတဲ့ ဌာနတွေကို ကျောင်းလို့ခေါ်ပါတယ်။

**(ဒေါက်တာသိန်းလွင်)**

အားလပ်ချိန်မှာ လူတွေသည် မဟုတ်တာလုပ်နေမယ့်အစား ပညာ ရရာ ရကြောင်းအတွက် သုံးတာကို School လို့ခေါ်တာ။ ဒါကို ကာလ ရွေ့လျောတော့ ဒီလိုလုပ်တဲ့နေရာကို School ကျောင်းလို့ခေါ်တာ။

**(တက္ကသိုလ်ဘုန်းနိုင်)**

ကျွန်တော်တို့နိုင်ငံမှာ မိဘတိုင်းက သူ့ကလေး (၅)နှစ်ပြည့်တာနဲ့ ကျောင်းထားဖို့ စီစဉ်ကြတာပါပဲ။ စားဖို့တောင် အနိုင်နိုင်ဆိုတဲ့ မိဘလည်းပဲ ကလေးကိုတော့ ကျောင်းပို့ချင်မှာပါ။ ကျောင်းဆိုတာကို ယေဘုယျ နားလည်ထားတာကိုက ပညာသင်ရာအရပ် မဟုတ်လား။ ဒီတော့ ပညာဆိုတာ ဘာလဲ ဆိုတာကို ကျွန်တော်ဖတ်မှတ်ထားတာတွေထဲက ကောက်နုတ်တင်ပြချင်တယ်။

ပညာဆိုတာ ပြဇ္ဈာ ဆိုတဲ့ စကားက ဆင်းသက်တယ်။ သိခြင်းဆိုတဲ့ အဓိပ္ပါယ်ပါ။ ဉာဏဆိုတာလည်း သိခြင်းပဲ။ အမှားအမှန် ချင့်ချိန်ဝေဖန်နိုင်တဲ့ အသိဉာဏ်ကိုက ပညာပါပဲ။ Education ကို သာမန်အားဖြင့် ပညာရေးလို့ ခေါ်ကြတယ်။ မရှိသေးတာကို ရှိလာအောင် လေ့ကျင့်ပေးတာ Developing နဲ့ Training သဘောမျိုးကို Education လို့ခေါ်တယ်။ Developing နဲ့ Training ကို ဘယ်ကရမလဲ။ ကျောင်းသားတွေက ရပါတယ်။ ကျောင်းမှာ ပညာယူသူနဲ့

ပညာပေးသူဆိုပြီး ရှိလာပါတယ်။ ပြောရရင် ကျောင်းသားနဲ့ဆရာပါပဲ။ ကျောင်းသားနဲ့ ဆရာကြားမှာ ဆွေးနွေးတာ၊ မေးမြန်းတာ၊ စောဒကတက်တာ၊ ငြင်းခုံတာတွေ ရှိရပါမယ်။ အဲဒါတွေ မရှိရင် ပညာစစ်၊ ပညာမှန် မရနိုင်ပါ။ ဒါကြောင့် ကျောင်းသားကို ပုံသေနည်းတွေ၊ သီအိုရီတွေ အလွတ်ကျက်စေပြီး ဒါလာရင် ဒါလုပ်ဆိုတဲ့ ပုံသေသင်ကြားမှုတွေ မလုပ်ဘဲ တွေးခေါ်တတ်တဲ့ အသိ၊ ဘာကြောင့် ဒီလိုဖြစ်ရတာ လဲဆိုတဲ့ အတွေးအခေါ်မျိုးကို ပေးနိုင်ဖို့လိုအပ်ပါတယ်။ ဒါကြောင့်လည်း ပညာရေးသုတေသီတွေက Teaching ထက် Learning က ပိုအရေးကြီးတယ်ဆိုတဲ့ အချက်ကို ခိုင်ခိုင်မာမာ ပြောလာတာပဲ ဖြစ်ပါတယ်။

ကျောင်းသားတွေကနေ သင်ပေးလိုက်တဲ့ အခြေခံပညာကနေ အဆင့်မြင့်ပညာတွေ သင်ပေးတဲ့ တက္ကသိုလ် University တွေပေါ်လာပါတယ်။ ဟိုးရှေးကာလတွေတုန်းက ဒိသာပါမောက္ခတွေရှိရာ တက္ကသိလာမှာ ပညာသင်ရပါတယ်။ တက္ကသိုလ်ဆိုတာ တက္ကသီလာက လာတာပဲဖြစ်ပါတယ်။ တက္ကသီလာ ရောက်တဲ့အခါ မင်းမျိုး၊ ပုဏ္ဏာမျိုး၊ သာမန်မျိုး ဘာမှ မခွဲခြားဘဲ ပညာအတူသင်ရပြီး ထူးချွန်သူက ရှေ့ရောက်တာပဲ ဖြစ်ပါတယ်။ ပညာနယ်မှာ ရှေ့ရောက်၊ အထက်စီးနေရဖို့က မျိုးရိုးနဲ့မဆိုင်ဘဲ တော်ဖို့ တက်ဖို့အထူး လိုအပ်ပါတယ်။

ကျောင်းမှာလာပြီးတော့ ပညာသင်တာဟာ အချိန်ဖြုန်းတာ မဟုတ်ဘူး။ ပညာဆိုတာ တန်ဖိုးရှိလို့ ဆရာတွေဘက်ကလည်း တန်ဖိုးရှိတာကို ကလေးတွေ လာသင်ယူနေတယ်ဆိုတဲ့ စိတ်ထားမျိုး လိုတယ်။ မိဘက အတင်းပို့လို့၊ အခြားလုပ်စရာမရှိလို့ ကျောင်းလာတက်တာမျိုး မဖြစ်သင့်ဘူးဆိုပေမယ့် ဒီနေ့ခေတ်မှာ ဒါတွေကို တွေ့နေရပါတယ်။ ပြီးခဲ့တဲ့ (၁၀)တန်းစာမေးပွဲမှာ ကျွန်တော့်သူငယ်ချင်းရဲ့သားလေးက (၃)ဘာသာ ဂုဏ်ထူးနဲ့ အောင်ပါတယ်။ ကလေးက ကျွန်တော်တို့လက်ထဲ ကြီးလာတဲ့ကလေး၊ တူသားလို ဖြစ်နေတဲ့ကလေးပါ။ သူ့အဖေ ကျွန်တော်သူငယ်ချင်းတက်စေချင်တဲ့

တက္ကသိုလ်တွေကို ကလေးက ခါးခါးသီးသီး ဖြစ်နေပါတယ်။ သူလွတ်လပ်မှုကို မြတ်နိုးတယ်။ ပုံစံကျကြီးကို မသွားချင်ဘူး။ နောက်ဆုံးကလေးက ကျွန်တော့်ကို အကူအညီတောင်းတာနဲ့ သူငယ်ချင်းဖြစ်သူကို ရှင်းပြ၊ နားချရပါတယ်။ မိဘက အတင်းပို့လို့ဆိုပြီး သူ စိတ်မဝင်စားတဲ့ ဘာသာရပ်ကို သင်ကြားရခြင်းဟာ သူ့အတွက်ရော တိုင်းပြည်အတွက်ပါ ဘယ်ကောင်းတော့မှာလဲ။ ဒါကြောင့် ကိုယ်တိုင် တွေးနိုင်ဖို့၊ စဉ်းစားနိုင်ဖို့၊ လုပ်တတ်ဖို့၊ သည့်ထက်ပိုပြီး ပြောရရင် ထွင်းဖောက်ဖြန့်ကြက်ဖို့ကို မိဘက မျှော်မှန်းရလိမ့်မယ်။ အားပေးဖို့လည်း လိုအပ်ပါတယ်။ မိဘတွေက ကိုယ်ကလေး ဘယ်လိုအစွမ်းအစရှိလဲဆိုတာကို သတိထား လေ့လာစေချင်ပါတယ်။ ကလေးရဲ့ အစွမ်းအစကို မြေတောင်မြှောက်ပေးနိုင်တဲ့ တက္ကသိုလ်ကို တက်နိုင်အောင် စီစဉ်ပေးရမှာပါ။ ကလေးရဲ့အစွမ်းအစကိုလဲ သိနေတယ်။ ဘယ်မှာလဲ ကျောင်းစရိတ် ဆိုတဲ့ ဖြစ်စဉ်တွေကလည်း ရှိနေဦးမှာပါ။ ကလေးရဲ့ဆန္ဒကိုတော့ အလေးထား စဉ်းစားပေးပြီး အကောင်းဆုံး အနေအထားကို ညှိယူဖို့တော့ လိုအပ်ပါတယ်။

"မလိုချင်ဘူး၊ ဒါပဲတက်" ဆိုတာမျိုးကတော့ လုံးဝမဖြစ်သင့်တဲ့ ကိစ္စပဲဖြစ်ပါတယ်။ အဲသည်လို ဇွတ်လုပ်လိုက်လို့ ဘွဲ့ရလာခဲ့ရင်လည်း အဲသည်ကလေးက ဆရာ အောင်သင်းပြောသလို "ဘွဲ့ရ ပညာမတတ်" ဖြစ်မှာပါ။ သည်လိုဆိုရင် သူ့အတွက် ပေးလိုက်ရတဲ့အချိန်၊ ငွေကြေးတွေက အလဟဿ ဆုံးရှုံးကုန်တာပဲ ဖြစ်ပါတယ်။

ဘွဲ့အောင်လက်မှတ်တွေက ပညာရဲ့အထောက်အထားလို့ ယေဘုယျဆိုကြပေမယ့် စာရွက်တွေက စွမ်းဆောင်ပေးတာ ဖြစ်ပါတယ်။ ဆေးပညာဘွဲ့လက်မှတ်ကြီး ကိုင်ထားပြီး ဆေးပညာ မတတ်ရင် ဘယ်လိုဆေးကုမတုံး။ ဒီအခြေခံလေးမှ နားမလည်ဘဲ ဟိုသင်တန်း၊ ဒီသင်တန်းထက် အောက်လက်မှတ်တွေရလာ၊ (တကယ်တော့ဘာမှမတတ်) သင်တန်းတွေကလည်း တတ်တာမတတ်တာ အပထား သင်တန်းကြေးရဖို့

အခိုကဆိုပြီး လုပ်လာလိုက်ကြတာ အခုတစ်လော လူငယ်တွေကြား သည်ပြဿနာ ရှိနေတာကို တွေ့နေရပါတယ်။ ကျွန်တော့်တူမတစ်ယောက်ဆီမှာ ဘွဲ့လက်မှတ်။ ကွန်ပျူတာ၊ အင်္ဂလိပ်စာ၊ ပြင်သစ်၊ တရုတ်၊ ကိုရီးယား စတဲ့ သင်တန်းအောင်လက်မှတ်တွေ ရှိပါတယ်။ ဒါပေမဲ့ ဘာမှ ဟုတ်ဟုတ်ငြားငြား မတတ်ပါ။ အလုပ်လည်း မရှိ၊ အလုပ်လည်းမလုပ်ချင်တော့ ကျောင်းတက်စားနေတော့တာပါပဲ။ အခုတော့ အိမ်ထောင်ကျ၊ သားမွေးနဲ့ အောင်လက်မှတ်တွေ ထည့်ထားတဲ့အိတ်ကြီးလည်း ဘယ်ချောင်ရောက်သွားပြီလဲ မသိတော့ပါ။

ကျောင်းဆိုတာကနေ စလိုက်တဲ့ ပညာအကြောင်းကို လူငယ်တွေထဲထဲဝင်ဝင် သိစေချင်တယ်။ ပညာရဲ့ သဘောကို နားလည်မှလည်း ပညာသင်ရခြင်းအကြောင်းကို ပြည့်ပြည့်ဝဝ သိမှာ မဟုတ်လား။ ကျောင်းတက်တာ၊ တက္ကသိုလ်တက်တာဟာ ပညာသင်ကြားခြင်း ဖြစ်တယ်။ အောက်လက်မှတ်၊ ဘွဲ့လက်မှတ် ရရုံမဟုတ် ဆိုတာကို သိစေချင်တဲ့ စေတနာနဲ့ ဆရာကြီး တက္ကသိုလ် ဘုန်းနိုင်ရဲ့ "ပညာရဲ့သဘော" နဲ့ "ဒေါက်တာ သိန်းလွင်နှင့်စကားလက်ဆုံ" (သင့်ဘဝမဂ္ဂဇင်း အမှတ် - ၅၊ ၁၉၉၈) တို့ကို အကြိမ်ကြိမ်ဖတ်ပြီး ဒီဆောင်းပါး ရေးတာ ဖြစ်ပါတယ်။

♥ ♥ ♥